## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
## ပရာ့ဂ်မြို့

## ချက်သမ္မတနိုင်ငံ၊ ဟန်ဂေရီနိုင်ငံနှင့် ဂျော်ဂျီယာနိုင်ငံတို့တွင်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအား လစာဝင်ငွေခွန်ပေးသွင်းခြင်းဆိုင်ရာ အသိပေးကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၂၃ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ ပြည်ပတွင် နေထိုင်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံခြားငွေဖြင့် ရရှိသည့် လစာဝင်ငွေအပေါ် တွက်ချက်မှုနည်းလမ်း(၂)မျိုးဖြင့် တွက်ချက်ပြီး ရရှိသည့် အခွန်ပမာဏ (၂)ရပ်အနက် နည်းရာအခွန်ပမာဏဖြင့် ပေးဆောင်ရမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနမှ ၂၂-၁၁-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၉/ ၂၀၂၃ ဖြင့် ထုတ်ပြန် ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ရာ ချက်သမ္မတနိုင်ငံ၊ ဟန်ဂေရီသမ္မတနိုင်ငံနှင့် ဂျော်ဂျီယာသမ္မတနိုင်ငံတို့တွင် နေထိုင်အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာသံရုံး၊ ပရာ့ဂ်မြို့၌ ၈-၁-၂၀၂၄ ရက်(တနင်္လာနေ့)မှ စတင်၍ ဝင်ငွေခွန်များ ပေးသွင်းနိုင်ပြီဖြစ်ပါကြောင်းနှင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၄ခုနှစ်၊ မတ်လအထိ ပေးဆောင်ရမည့် ဝင်ငွေခွန်များ ပေးသွင်းပြီးပါက နိုင်ငံကူးလက်မှတ် သက်တမ်းတိုးမြှင့်ခြင်းနှင့် ကောင်စစ်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဝင်ငွေခွန်ထမ်းဆောင်ပြီးသည့် မြန်မာနိုင်ငံသားတစ်ဦးချင်းစီအား "အခွန်ပေးသွင်းမှုအထောက်အထားလက်မှတ်"ကို သံရုံးမှ ပြန်လည်ထုတ်ပေးသွားမည် ဖြစ်ပါသည်။

၃။ ပြည်ပတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့၏ လစာဝင်ငွေအပေါ် ဝင်ငွေခွန်ပေးဆောင်ခြင်းဖြင့် မိမိနိုင်ငံနှင့် နိုင်ငံသားများအတွက် ပညာရေး၊ ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ရေးစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအား တစ်ဖက် တစ်လမ်းမှ ကူညီထောက်ပံ့ခြင်းလည်း ဖြစ်ပါသည်။ ထို့အပြင် လစာဝင်ငွေခွန် ပေးသွင်းထားသည့် မြန်မာနိုင်ငံသားများသည် မြန်မာနိုင်ငံတွင် အိမ်၊ခြံ၊မြေ၊ တိုက်ခန်း၊ မော်တော်ယာဉ် အစရှိသည်

တို့အား ဝယ်ယူရာတွင် ဝင်ငွေရလမ်းစိစစ်မှုခံယူချိန်၌ သံရုံးမှ ထုတ်ပေးထားသည့် လစာဝင်ငွေခွန် ပေးသွင်းထားသော အထောက်အထားလက်မှတ်တင်ပြခြင်းဖြင့် လက်မှတ်ပါငွေပမာဏကို ဝင်ငွေရလမ်း(ငွေဖြူ)အဖြစ် ခံစားခွင့်ရရှိနိုင်မည်လည်း ဖြစ်ပါသည်။

၄။ ဝင်ငွေခွန်ပေးဆောင်မှုနှင့်ပတ်သက်၍ သိရှိလိုသည်များရှိပါက မြန်မာသံရုံး၊ ပရာ့ဂ်မြို့၏ အီးမေးလ်လိပ်စာဖြစ်သည့် meprague@email.cz နှင့် တယ်လီဖုန်းအမှတ်၊ + ၄၂၀ ၂၃၃ ၃၃၁ ၅၇၇၊ + ၄၂၀ ၂၂၂ ၂၂၀ ၂၇၉ တို့သို့ အချိန်မရွေး ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

၆။ **သံရုံးလိပ်စာနှင့် ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

**Embassy of the Republic of the Union of Myanmar, Prague**
Václavské nám. 1282/51, 110 00 Nové Město
Prague-1, Prague, Czech Republic
Email : meprague@email.cz, prague-embassy@mofa.gov.mm
Office : +420 233 331 577
ကောင်စစ်တာဝန်ခံအရာရှိ
Tel : + 420 222 220 279

**မြန်မာသံရုံး၊ ပရာ့ဂ်မြို့**
**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်**